## မာတိကာ


သမိုင်းထဲမှာ ပြန်လည်ဆုံတွေ့ကြပါဦးစို့ ၁

၁။ ဒေါက်တာသန်းထွန်းအမေး သိတုဂူဆရာတော်အဖြေ ၅

၂။ ဒေါက်တာသန်းထွန်း၏ဒုတိယမေးခွန်း ၁၃
မောင်သွေးချွန်ရှင်းလင်းဖြေကြားသည်

၃။ ဒေါက်တာသန်းထွန်းနှင့် တက္ကသိုလ်ဘုန်းနိုင်တို့၏ ၁၉
နတ်ပြောသမိုင်းအမြင်

၄။ ပါမောက္ခဆရာကြီးနစ်ဦးရဲ့သမိုင်းတရမ်းအမြင် ၂၇

၅။ ဒေါက်တာသန်းထွန်း၏သမိုင်းထဲက လူမှုဗေဒအလွဲများ ၃၇

၆။ ပညာရှိသတိဖြစ်ခဲ လွဲမိလွဲရာသမိုင်းစာ ၄၅

၇။ နိုင်ငံခြားသား သုတေသီများရဲ့ သမိုင်းအမြင်ကို ၅၁
မကာကွယ်နိုင်ခဲ့တဲ့ ဒေါက်တာသန်းထွန်း

၈။ ပုဂံလက်သစ် ပုဇော်သစ် ၅၉

၉။ ဒေါက်တာသန်းထွန်းအတွက် လက်ဇက်သုတေသန ၆၅

၁၀။ ဒေါက်တာသန်းထွန်းဘာသာပြန်တဲ့ လက်ဝဲသုန္ဒရဓိရတုကိစ္စ ၇၁
ချစ်ဦးညို၏မှုမှတ်များတွင် အဖြေရှာခြင်း

၁၁။ မှန်နန်းရာဇဝင်နှင့် ဒေါက်တာသန်းထွန်းအမြင် ၇၉

၁၂။ ပါမောက္ခကြီးမှ ပါမောက္ခလေးသို့ ဝေဖန်ရေး ၈၅

၁၃။ ပြည်သူကိုဝမ်းနည်းအောင် မပြုအပ် ၉၅

၁၄။ မလွှမ်းလောက်တဲ့ ဝမ်းမြောက်ဝမ်းသာ စာတမ်းများ ၁၀၃

၁၅။ ဒေါက်တာသန်းထွန်းအတွက် အမှားပြင်ဆင်ချက်များ ၁၁၅


# သမိုင်းထဲမှာ ပြန်လည်ဆုံတွေ့ကြပါဦးစို့

သမိုင်းဘာကြောင့် သင်သလဲ။

'မအ,အောင်လို့'ဆိုတဲ့ သမိုင်းပါမောက္ခဆရာကြီးဒေါက်တာသန်းထွန်းရဲ့ အဖြေစကားက တိုတိုနဲ့ ထိမိလွန်းလှပါတယ်။ ဒီစကားကို ထပ်ချည်းတလဲလဲ ကိုးကားယူငင်သုံးစွဲခဲ့တာလည်း တွေ့ရပါတယ်။ ဆရာကြီးရဲ့ 'သမိုင်းပြဿနာ' ကြီးထွားလာမှုအတွက် ဂုဏ်ယူလောက်ပါတယ်။ ဆရာကြီး မနေမနား အလုပ်လုပ်ပုံတွေက ခေတ်ပြိုင် သမိုင်းဆရာတွေရော၊ နောက်မျိုးဆက်သစ်တွေ အတွက်ပါ အားကျအတုယူစရာဖြစ်ပါတယ်။

ဆရာကြီးရဲ့ သုတေသနတုံးရှည်ရှူယ်ချက်က 'သူများပြောတိုင်းမယုံနဲ့ အမှားတွေ့ရင်ပြင်' ပေးရမယ်တဲ့။ ဟုတ်ရဲ့လား။ အဲဒီတော့ ဒေါက်တာ သန်းထွန်း ကိုယ်တိုင်မှားတာတွေကို ဘယ်သူပြင်ပေးရဲသလဲ။

ကျွန်တော်က သမိုင်းပညာရှင်မဟုတ်၊ တွေ့သမျှစာအုပ်တွေ လျှောက်ဖတ်ကြည့်ရာက ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ အမှားတွေကို တွေ့လာရတာ ဖြစ်ပါတယ်။ ဥပမာ-

''မြန်မာ မှန်ရာဇဝင်မှာ ထင်ရှားလှတဲ့ သမိန်ရေမ်းလိုသူရဲကောင်းမျိုးကို တကယ် မရှိခဲ့ဘူးလို့ မှတ်စိစုံမှိတ်ပြီး ခွတ်ငြင်းကွယ် ပြက်ရယ်ပြုတာမျိုး''။

သမိုင်းပါမောက္ခ ဆရာကြီးဒေါက်တာနိုင်ပန်းလှရဲ့ 'သမိန်ရေမ်း' စာအုပ်နဲ့ သက်သေပြပြီး ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ အမှားကို ပြင်ပေးလိုက်ပါ တယ်။

ဘုရားကျောင်းပျက်လို့ မြင်တာကို 'ပဋိဓဝ'လို့ ခေါ်မယ်ထင်ပါတယ်လို့ ဆရာကြီးဒေါက်တာသန်းထွန်း အသုံးအနှုန်း မကျွမ်းကျင်လွဲမှားတာတွေက အစ ပြုပြင်တည့်မတ် အမှန်ပြင်ပေးလိုက်ပါတယ်။

ပျူခေတ်၊ ပုဂံခေတ် မှသည် ကုန်းဘောင်ခေတ်နှောင်းပိုင်းအထိ မြန်မာ့



သမိုင်းစဉ်ဟာ ဘာသာသာသနာဖွံ့ဖြိုးတိုးတက်မှုနဲ့ ဒွန်တွဲဖြစ်ပေါ်ခဲ့ပါတယ်။ ကျေးငှက်စိမ်းစိမ်း၊ ပေါက်ရွက်စိမ်းစိမ်း ရောနေသလိုပဲ သမိုင်းနဲ့ ဗုဒ္ဓဘုရားရှင်ရဲ့ သာသနာဟာ သီးခြားစီ ဖြစ်တည်နေခဲ့ခြင်း မဟုတ်ပါဘူး။

ဒီတော့ သမိုင်းလေ့လာရင် ဗုဒ္ဓသာသနာကိုတွေ့မယ်။

ဗုဒ္ဓသာသနာကို လေ့လာရင် သမိုင်းကိုတွေ့မယ်။

ဆရာကြီးဟာ သမိုင်းကိုတွေ့ကောင်းတွေ့ခဲ့မယ်။ ဗုဒ္ဓဘုရားရဲ့ သာသနာ တော်ကို ပြည့်ပြည့်စုံစုံတွေ့မသွားခဲ့ဘူးလို့ ဆိုသင့်ပါတယ်။ ဥပမာ - ဘုရား ထီးတင်တာမျိုးကို နားမလည်ဘူး။ မြန်မာဘုရင်တွေဟာ သူတို့ရဲ့သရဖူကို ဘုရားစေတီတွေပေါ်တင်ထားတယ်၊ ဘုရားထီးတင်တာ မြန်မာဘုရင်တွေ ခေတ်မှာ စတင်ဖြစ်ပေါ်လာတဲ့ဓလေ့ဖြစ်တယ်လို့ ဒေါက်တာသန်းထွန်းက ရေးပါတယ်။

မြန်မာဘုရင်ခေတ်များမတိုင်မီကပင် ... ဘုရားစေတီတော်တွေမှာ ထီးတင်ခဲ့ကြောင်း ဒေါက်တာသန်းထွန်းမသိပါ။ ဥပမာ- အိန္ဒိယက ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကြီးမှာ ကျောက်ထီးတင်လှူထားတာ ဖူးမြော်ကြည့်ပါ။ ၂ရာစုလောက်က တည်ခဲ့တဲ့ ဆန်ချီစေတီမှာ ထီးတော်တင်လှူထားတာ ကြည့်ညိုကြည့်ပါ။

ဒေါက်တာသန်းထွန်းရဲ့ အမြင်က... ဘုရားစေတီတွေမှာ ထီးတင်တယ် ဆိုတာ ဘုရင်တွေရဲ့ 'အာဏာသင်္ကေတ'လို့ မြင်ပါတယ်။ မဟုတ်ပါ။ ဘုရား ထီးတော်ဆိုတာ မြတ်စွာဘုရားရဲ့ သဗ္ဗညုတဉာဏ်တော်ကို ရည်စူးပူဇော် ထားတာဖြစ်ပါတယ်။ ဘုရားထီးတော်ဆိုတာ ဝင်ကြွယ်ခြင်းမြင့်မြတ်ခြင်း တို့ကို လည်း ကိုယ်စားပြုပါတယ်။

'အာဏာ'နဲ့ 'ပညာ'မကွဲတဲ့ ဒေါက်တာသန်းထွန်းရဲ့ အလွဲအမှားတွေဟာ မြန်မာ့သမိုင်းကို အကျည်းတန်စေခဲ့ပါတယ်။

ဒေါက်တာသန်းထွန်းရဲ့ အလွဲတွေကို စိစစ်ကြည့်လိုက်တော့ သူ့ဆရာ ပါမောက္ခလုစ် ဆီက မြစ်ဖျားခံလာတာ တွေ့ရတယ်။ နိုင်ငံခြားသားက မြန်မာ့သမိုင်းကို ဝင်ရေးတာမျိုး၊ မြန်မာ့သမိုင်းကို ပြင်ရေးတာမျိုး ကျွန်တော် လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။ ဒေါက်တာသန်းထွန်းဟာ လုစ်ရဲ့ ဩဇာ



လွှမ်းမိုးခံရပြီး မြန်မာသမိုင်းရာဇဝင်ကို ပြက်ရယ်ပြုခဲ့တာတွေ အများကြီး ရှိပါတယ်။

ဒေါက်တာသန်းထွန်းရဲ့ သမိုင်းအချက်အလက်များ၊ အယူအဆများတွေကို ကျွန်တော်ထောက်ပြဝေဖန်ခဲ့တာ အခုမှမဟုတ်ပါ။ လွန်ခဲ့သော ၁၄နှစ် ၁၉၉၈ လောက်ကပင် ပေါ်ပြူလာဂျာနယ်မှာ စတင်ရေးသားခဲ့ပါတယ်။

အခုနောက်ပိုင်းရေးတဲ့ ဝေဖန်စာတွေကို ဖတ်မိတဲ့ အချို့သော မဂ္ဂဇင်းလည်း သတ္တဝါများက... 'ဆရာကြီးသေပြီးမှ ဘာလို့ရေးတာလဲ'လို့ အလန့်တကြား မေးတတ်ကြပါတယ်။ ဆရာကြီးမသေခင်ကပင် ရေးခဲ့ပြီး ဆရာကြီးကိုယ်တိုင် က... သူ့ရဲ့ ''ရှားရှားဖွေဖွေမြန်မာ့သမိုင်း-အတွဲ(၂)''(၁၉၉၉ ပေဖော်ဝါရီ လထုတ်) မှာ ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါးများကို စာစုစာရင်းထဲမှာ မှတ်တမ်းတင် ဖော်ပြခဲ့ပါတယ်။

ကျွန်တော်အနေနဲ့ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ ဝီရိယကို အားကျ ကြည်ညိုပါတယ်။ ဒါပေမဲ့ သူရေးသမျှ အမှန်လို့ လက်မခံပါဘူး။ စိစစ်ဝေဖန် တုံ့ပြန်ဆွေးနွေးစရာတွေ ရှိနေပါသေးတယ်။

ခေတ်ပြိုင်သမိုင်းထဲမှာ ပြန်တွေ့ကြပါဦးစို့။

လေးစားစွာဖြင့်

မောင်သွေးချွန်

၁၃၇၄ ခု ပထမဝါဆိုလဆန်း ၉ ရက်

၂၇ ဇွန်လ ၂၀၁၂

စာကြွင်း

ဒီစာစုမှာ ဒေါက်တာသန်းထွန်းရဲ့ အလွဲအမှားတွေကိုချည်း ထောက်ပြ ဝေဖန်ထားတာမဟုတ်ပါ။ 'ပြည်သူကိုဝမ်းနည်းအောင် မပြုအပ်'ဆောင်းပါးဟာ အမှန်ဖြစ်ပေးထားပြီး ဆရာကြီးကို ဂုဏ်ပြုပူဇော်ထားခြင်းဖြစ်ပါတယ်။

■